**ပိဟကံ**– ကြောင်ပန်းပွင့်လို အဆင်းညို၍ နွားညိုလျှာဟန် ပုံသဏ္ဌာန်ဖြစ် ခုနစ်သစ်ရှည်လျား နှလုံးသားနှင့် ဝဲဘက်သင့်လျက် စာအိမ်ထက်ဝယ် သရက်ရွက်တွင် ဘောအပျဉ်(အဖျဉ်း)မည်ငြား ဝမ်းလျှာအသားသည်။ အတ္တိ၊ ပုဂ္ဂိုလ်သတ္တဝါ ငါသူတပါး လားလားမဟုတ် စက်ဆုပ်ဘွယ်သာ ထင်ရှားရှိပါသည်တကား။

---

အရင်း၌ တခုတည်းဖြစ်၍ အဖျားကျမှ ၂-မြွာကွဲသွား၏၊ ထို အသည်းသည် ဉာဏ်ထိုင်းသူတို့၌ တခုတည်းကြီးကြီးမားမား ရှိ၍ ဉာဏ်ထက်သူတို့၌ ၂-ခု ၃-ခု ရှိသတတ်၊ တည်ရာဒြာအားဖြင့် သားမြွတ် ၂-ခုအလယ်မှာ လက်ျာဘေးကို မှီ၍ တည်ရှိလေသည်။

**အမြှေး**။ ။ဖုံးလွှမ်းသော အမြှေး, မဖုံးလွှမ်းသော အမြှေး အားဖြင့် ၂-မျိုးရှိ၏၊ အဆင်းအားဖြင့် အဝတ် ဖြူလွှာကဲ့သို့ ဖြူ၏၊ ဖုံးလွှမ်းသော အမြှေးကား တကိုယ်လုံးရှိ အသားတွေကို မြှေးယှက်တည်၏၊ ထိုအမြှေး၏ အပေါ်၌ အရေတည်ရသည်၊ အမဲသား စသည်၌ ထို အမြှေးကလေး များကပ်၍ ပါနေသည်ကို မြင်နိုင်ကြသည်။

**အပျဉ်**။ ။ဤ အပျဉ်ကို ကျမ်းစာ၌ "ဥဒရ ဇိဝှါမံသံ=ဝမ်းလျှာအသား" ဟု ဆို၏၊ အဆင်းအားဖြင့် ကြောင်ပန်းပွင့်ကဲ့သို့ ညို၏၊ ပုံသဏ္ဌာန်အားဖြင့် နွားညိုကလေး၏ လျှာသဏ္ဌာန် ရှိ၏၊ လက် ၇-သစ်ရှည်၏၊ ဤအပျဉ် (အဖျဉ်း)ကို "သရက်ရွက်" ဟုငင်း "ဝမ်းလျှာ" ဟုငင်း "ဘော" ဟုငင်း ခေါ်သည်၊ နေရာအားဖြင့် နှလုံးသား၏ လက်ဝဲဘက်မှာ